# မြန်မာပြည်သူများထံ "မြန်မာ့နိုင်ငံရေး ဆွေးနွေးပွဲ (ဒုတိယအကြိမ်)"မှ

## အမှာစကား ပန်ကြားချက်

၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေး ကော်မတီ (ဂျပန်) မှ "မြန်မာ့နိုင်ငံရေး ဆွေးနွေးပွဲ (ဒုတိယအကြိမ်)" ကို ယနေ့ (၃၁-၁၀-၂၀၁၀) Takadanobaba, Tokyo, Japan ၌ နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိ ကျင်းပပါသည်။

ဆွေးနွေးပွဲတွင် မိုင်ကျော်ဦး(NDF) ၊ အရှင်ထာဝရ (ABMRC)၊ ဦးတင်ဝင်း (FWUBC)၊ ဦးဇော်မင်းနိုင် (ALD-Exile-Japan)၊ ဦးသန်းဆွေ(BDA)၊ ဦးရဲငြိမ်း(အလင်းအိမ် မဂ္ဂဇင်း)နှင့် ဦးလွင်အောင်စိုး (Save Burma)တို့၏ ဆွေးနွေးသုံးသပ်ချက်များကို ဦးကျော်ကျော်စိုး (LDB) မှ Moderator အဖြစ် ကူညီဆောင်ရွက်ပေးပြီး ဆွေးနွေးပွဲ တက်ရောက်လာသူများထဲမှ ဦးဖုန်းလှိုင် (FWUBC & Peaceful Burma)၊ စောမျိုးနိုင်ရှင်း (KNU-Japan)၊ ဦးလှအေးမောင် (ALD-Exile-Japan)၊ ဦးဘောင်လှ (KNCD-LA-JP) တို့က ပြန်လှန် ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲသို့ တက်ရောက်လာသူ စုစုပေါင်း (၃၄)ဦး ရှိပါသည်။

"မြန်မာ့နိုင်ငံရေး ဆွေးနွေးပွဲ (ဒုတိယအကြိမ်)" ၏ အဓိကဦးတည်ချက်မှာ မြန်မာနိုင်ငံ၌ နိုဝင်ဘာ (၇)ရက်နေ့တွင် ကျင်းပတော့မည့် ၂၀၁၀ ရွေးကောက်ပွဲနှင့် ပတ်သက်၍ မြန်မာပြည်သူများထံ အမှာစကား ပန်ကြားခြင်း ဖြစ်ပါသည်။

ယနေ့ဆွေးနွေးပွဲ၏ ရလဒ်မှ ထွက်ပေါ်လာသော ပြည်သူသို့ အမှာစကား ပန်ကြားချက် (Message) မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

> ရွေးကောက်ပွဲသည် ပြည်သူတို့၏ အနာဂတ် ကံကြမ္မာ အကောင်းအဆိုးကို ဖန်တီးမည် ဖြစ်၍ ပြည်သူတို့အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်ရာတွင် --
>
> - တရားမျှတမှု မရှိသော၊ လူ့အခွင့်အရေးများကို အာမခံထားခြင်း မရှိသော၊ ဒီမိုကရေစီ စံနှုန်းများဖြင့် ကိုက်ညီခြင်း မရှိသော ၂၀၀၈ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အသက်သွင်းမည့် ရွေးကောက်ပွဲ ဖြစ်သောကြောင့် ပြည်သူတို့အနေဖြင့် မဲမပေးပဲ နေပိုင်ခွင့်ရှိသည့်အတိုင်း မဲမပေးပဲ နေရန်၊
> - အကယ်၍ မဖြစ်မနေ မဲပေးရမည်ဆိုပါက မိမိတို့ ယုံကြည်အားကိုး ကိုယ်စားပြုပေး နိုင်မည့်သူများ မရှိလျှင် ရွေးကောက်ပွဲဝင်ပြိုင်သူ မည့်သူကိုမျှ မဲပေးရွေးချယ်ခြင်း မဟုတ်သည့် ပယ်မဲ ဖြစ်စေရန်၊
> - "ကလေးမြို့ ဆုံးဖြတ်ချက် ကြေညာစာတမ်း" ကို လူထုအင်အား အလုံးအရင်းဖြင့် ထောက်ခံကြိုဆို အားပေးကြရန်
> - ရွေးကောက်ပွဲလွန်ကာလ မြန်မာ့ဒီမိုကရေစီအရေး ဆက်လက်လှုပ်ရှားရေးအတွက် ယခုကတည်းကပင် ကြိုတင်ပြင်ဆင်ထားကြရန်၊ အမှာစကား ပန်ကြားလိုက်ပါသည်။

ဆွေးနွေးပြောဆိုချက် အသေးစိတ်ကို ဗီဒီယိုဖြင့် မှတ်တမ်းတင်ထားသည်ဖြစ်၍ မကြာမီ ဖြန့်ချိပေးမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြန်ကြားရေး
၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေး ကော်မတီ (ဂျပန်)

မှတ်ချက်၊ ဆက်စပ်သတင်းနှင့် ဓါတ်ပုံများကို အောက်ပါလင့်ခ်တွင် ကြည့်ရှုနိုင်ပါသည်။

http://www.pnsjapan.org/2010/10/blog-post_3746.html